သို့၊

ချစ်သောသန့်ရှင်းသူများ၊

ဧပြီလ(၃၀) ရက်နေ့ ကြာသပတေးနေ့သည် ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ၊ နာရီလက်တံလှည့်ဆုတောင်းခြင်း ပြီးစီးအဆုံးသတ်သောနေ့ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ၊ သန့်ရှင်းသူများအားလုံးကို ကျွန်ုပ်တို့တိုက်တွန်းလိုသည်မှာ ရက်ပေါင်း(၃၀)ပြည့်သွားသောကြောင့် ရပ်တံ့သွားခြင်းမရှိဘဲ၊ သခင်ဘုရား၏ဦးဆောင်မှုအတိုင်း ဆက်လက်ဆုတောင်းသွားကြပါရန် ခွန်အားပေးလိုပါသည်။

သို့ဖြစ်ပါ၍ အထက်က ဆုတောင်းခဲ့ကြသည့် ဆုတောင်းချက်ဝန်တာများကို ယူဆောင်ကာ နောက်ထပ်ရက်ပေါင်း(၃၀)ကို တဖန်ဆုတောင်းကြပါရန် အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ဤဝက်ဆိုက်သည် ဆက်လက်လုပ်ဆောင်နေမည်ဖြစ်၍၊ သန့်ရှင်းသူများ ဆက်လက်ဆုတောင်းပါဝင်ကြပါစို့။ နောက်ထပ်လာမည့်ရက်ပေါင်း(၃၀)အတွက် နေ့စဉ်ဆုတောင်းချက်ကို ဆက်လက်ပေးပို့သွားပါမည်။

# ဆုတောင်းချက် (၃၀) ချက်

## ၁ ရက်နေ့ မဿဲ၊၆ အတိုင်း ဆုတောင်းခြင်း

**ခမည်းတော်၏နာမတော်သည် သန့်ရှင်းစင်ကြယ်ခြင်းရှိရန်(မ၊၆း၉ခ)၊ နိုင်ငံတော်တည်ထောင်ခြင်းရှိရန် (မ၊၆း၁၀က။ ဗျာ၊ ၁၁း၁၅)၊ မြေကြီးပေါ်တွင် အလိုတော်ပြည့်စုံခြင်းရှိရန်အတွက် ဆုတောင်းခြင်း(မ၊၆း၁၀ခ)။**

| | |
|---|---|
| မ၊၆း၉ | ထို့ကြောင့် သင်တို့ဆုတောင်းရမည်မှာ ကောင်းကင်များ၌ ရှိတော်မူသော အကျွန်ုပ်တို့အဖ၊ ကိုယ်တော်၏နာမတော်သည် သန့်ရှင်းစင်ကြယ်ခြင်းရှိပါစေသော။ |
| ဗျာ၊၁၁း၁၅ | သတ္တမကောင်းကင်တမန်သည် တံပိုးမှုတ်သောအခါ၊ ကောင်းကင်၌ ကြီးသောအသံတို့ကား၊ လောကီနိုင်ငံသည် ငါတို့သခင်နှင့် ကိုယ်တော်၏ ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကာလအစဉ်အဆက် စိုးစံတော်မူမည်ဟု ပြောဆိုကြ၏။ |
| မ၊၆း၁၀ | နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။ |

## ၂ ရက်နေ့ လူသစ်တစ်ဦး နှင့် သတို့သမီးအတွက် ဆုတောင်းခြင်း

**ဘုရားသခင်၏ကောင်းသောအလိုတော်သည် ပြီးပြည့်စုံခြင်းရှိရန်၊ အကြံအစည်တော်သည် ပြီးမြောက်ပြည့်စုံရန်၊ ကိုယ်တော့် စီမံကိန်းသည်သယ်ဆောင်ပြီးမြောက်ရန် (ဧ၊၁း၉–၁၀)၊ ထိုသို့ဖြင့် ကိုယ်တော်သည် ခရစ်တော်တည်ဆောက်သော ကိုယ်ခန္ဓာတော်နှင့် ကိုယ်တော်ကို ထင်ရှားမည့် ပြည့်ဝကြီးရင့်သောလူသစ်(အငယ်၊၂၃။ ၄း၁၃၊ ၁၆)နှင့် မေတ္တာ၌ ကိုယ်တော်ကို ကျေနပ်နှစ်သိမ့်စေရန် ခရစ်တော်ပြင်ဆင်ထားသော သတို့သမီးဖြစ်သည့် အသင်းတော်ကိုရရှိရန်အတွက် ဆုတောင်းခြင်း(၅း၂၇ ဗျာ၊၁၉း၇)။**

| | |
|---|---|
| ဧ၊၁း၉–၁၀ | ဘုရားသခင်သည် မိမိကိုယ်တော်တိုင်၌ ကြံစည်တော်မူသော သူ၏ကောင်းသောကျေနပ်နှစ်သိမ့်မှုအတိုင်း၊ အလိုတော်၏နက်နဲသောအရာကို ငါတို့အား သိစေတော်မူ၏။ ထိုနက်နဲသောအရာဟူမူကား၊ ကာလအချိန်စေ့စုံခြင်း၏စီမံကိန်းအဖို့၊ ရှိရှိသမျှကို ခရစ်တော်၌ချုပ်ချာစေတော်မူလျက်၊ ကောင်းကင်များ၌ရှိသောအရာများနှင့် မြေကြီးပေါ်ရှိ အရာများကို ကိုယ်တော်၌ ချုပ်ချာစေတော်မူလိမ့်သတည်း။ |
| ဧ၊၁း၂၃ | ထိုအသင်းတော်ကား၊ အလုံးစုံတို့ကိုအလုံးစုံတို့၌ ပြည့်စုံစေတော်မူသောသူ၏ပြည့်ဝပြည့်စုံခြင်းတည်းဟူသော ကိုယ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သတည်း။ |
| ဧ၊၄း၁၃ | ငါတို့ရှိသမျှသည် ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်၍၊ ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်း ပမာဏအရပ်တည်းဟူသော ကြီးရင့်သော လူအဖြစ်သို့ ရောက်ကြသည့် တိုင်အောင်ဖြစ်သတည်း။ |
| ဧ၊၄း၁၆ | ထိုဦးခေါင်းတော်မှ၊ အဆစ်အပိုင်းတိုင်း၏ကြွယ်ဝသော အားဖြည့်ခြင်းနှင့် အင်္ဂါအသီးသီး ကိုယ်င်နားကိုယ်တာအတိုင်း လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွဆက်စပ်ထုံးဖွဲ့လျက်၊ မိမိကိုယ်ကို မေတ္တာ၌တည်ဆောက်ခြင်းငှာ၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေတတ်၏။ |
| ဧ၊၅း၂၇ | သူမသည် သန့်ရှင်းလျက်၊ အပြစ်တင်ခွင့်ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း သို့မဟုတ် အရေတွန့်ခြင်း သို့မဟုတ် ထိုသို့သောအရာများနှင့်ကင်းလွတ်သဖြင့်၊ ဘုန်းတော်နှင့်ပြည့်စုံသောအသင်းတော်ကို ခရစ်တော်သည် မိမိကိုယ်တော်တိုင်ထံသို့ ဆက်သနိုင်မည်ဖြစ်သည်။ |
| ဗျာ၊၁၉း၇ | ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကို ချီးမွမ်းကြကုန်အံ့။ အကြောင်းမူကား၊ သိုးသငယ်၏မင်္ဂလာဆောင်ပွဲခံချိန်ရှိပြီ။ ကိုယ်တော်၏မိန်းမသည် ကိုယ်ကိုအဆင်သင့်ဖြစ်စေပြီ။ |

## ၃ ရက်နေ့ ကမ္ဘာ့ရေးရာများအတွက် ဆုတောင်းခြင်း

ခရစ်တော်၌ ဘုရားသခင်သည် ကမ္ဘာလောကတစ်ခုလုံးရှိ အကြောင်းကိစ္စများအပေါ် အုပ်စိုးရန် (ဒံ၊၄း၁၇။ ဗျာ၊၁း၅)၊ ကိုယ်တော့်အလိုတော် လုပ်ဆောင်ခြင်းအတွက် ရှင်ဘုရင်များ၏စိတ်နှလုံးများကို လှည့်ပြန်လာစေရန် (သု၊၂၁း၁)၊ ကိုယ်တော်က သင့်လျော်သည့် ခေါင်းဆောင်များကို နိုးထထွက်ပေါ်စေခြင်းအမှုနှင့် ဖြုတ်ချခြင်းအမှုတို့ကို ပြုရန်အတွက် ဆုတောင်းခြင်း(ဒံ၊၂း၂၁)။

ဒံ၊၄း၁၇ အကြောင်းမူကား၊ အမြင့်ဆုံးသောအရှင်သည် လောကီနိုင်ငံပေါ် အုပ်စိုးသူဖြစ်တော်မူသည်ကိုလည်းကောင်း၊ ပေးလိုသောသူတို့အား ပေးတော်မူသည်ကိုလည်းကောင်း၊ အနိမ့်ဆုံးသောသူတို့ကို ချီးမြှောက်၍ နိုင်ငံကို အပ်ပေးတော်မူသည်ကိုလည်းကောင်း၊ အသက်ရှင်သောသူတို့ သိနားလည်စေခြင်းငှာ၊ စောင့်ကြည့်သူတို့သည် ဤသို့စီရင်ကြပြီ။ သန့်ရှင်းသူတို့သည် အမိန့်တော်ကို ပေးကြပြီဟု ဟစ်ကြော်လေ၏။

ဗျာ၊၁း၅ သစ္စာစောင့်သောသက်သေခံဖြစ်တော်မူထသော၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူထသော၊ လောကီဘုရင်တို့ကို အုပ်စိုးတော်မူသော ယေရှုခရစ်အထံတော်မှလည်းကောင်း၊ သင်တို့၌ သက်ရောက်ပါစေသော။ ငါတို့ကိုချစ်တော်မူ၍ မိမိအသွေးတော်ဖြင့် ငါတို့အပြစ်များကို လွှတ်တော်မူပြီးလျှင်၊

သုတ္တံ၊၂၁း၁ ရှင်ဘုရင်၏စိတ်နှလုံးသည် ရေချောင်းကဲ့သို့ ဖြစ်၍၊ ယေဟောဝါ၏လက်တော်၌ ရှိသဖြင့်၊ အလိုတော်ရှိသည်အတိုင်း လှည့်စေတော်မူ၏။

ဒံ၊၂း၂၁ ကာလအချိန်နှင့် ဥတုများကို ပြောင်းလဲစေတော်မူ၏။ ကိုယ်တော်သည် ရှင်ဘုရင်တို့ကို နန်းချ၍၊ ရှင်ဘုရင်တို့ကို နန်းတင်တော်မူ၏။ ပညာရှိတို့အား ပညာကို ပေး၍၊ နားလည်နိုင်သောဉာဏ်ရှိသောသူတို့အား အသိပညာကို ပေးတော်မူ၏။

## ၄ ရက်နေ့ အာဏာပိုင်များအတွက် ဆုတောင်းခြင်း

အာဏာပိုင်များ၌ သူတို့၏တာဝန်ဝတ္တရားများကို လျှော့ချခြင်းငှာ ဉာဏ်ပညာရှိဖို့ရန်နှင့် ဘုရားသခင်အတိုင်း ဖြောင့်မတ်စွာ အုပ်စိုးခြင်းရှိရန်၊ ထိုသို့ဖြင့် အသင်းတော်သည် ငြိမ်းချမ်းစွာနှင့် အေးချမ်းတည်ငြိမ်စွာ ရှေ့ဆက်သွားနိုင်ရန်အတွက် ဆုတောင်းခြင်း(၁တိ၊၂း၂)။

၁တိ၊၂း၂ ငါတို့သည် ဘုရားဝတ်၌မွေ့လျော်ခြင်း၊ လျောက်ပတ်စွာကျင့်ခြင်း၊ ငြိမ်ဝပ်ဆိတ်ညံစွာနေရမည်အကြောင်း၊ ရှင်ဘုရင်များနှင့် မင်းအာဏာရှိသူတို့အဖို့ ဆုတောင်းပေးကြလော့။

## ၅ ရက်နေ့ အမေရိကအတွက် ဆုတောင်းခြင်း

အုပ်စိုးနေသော သခင်ဘုရားသည် တစ်ကမ္ဘာလုံးသို့ အဆုံးစွန်သောလှုပ်ရှားမှုပြုနေခြင်း၏ အခြေအဖြစ် အမေရိကကို ဆက်လက်စောင့်ထိန်း၍ ကောင်းချီးပေးရန်(လက်ရှိ ကမ္ဘာတစ်ဝန်းအပေါ် ကျရောက်နေသော ကပ်ရောဂါအလယ်၌)၊ ကိုယ်တော်သည် လူများကိုရယူကာ အံ့သြဖွယ်သော၊ အရာအားလုံး–ပါဝင်သော ခရစ်တော်ကို သိရှိလာစေပြီး၊ ကိုယ်တော့်ကို သူတို့၏ အသက်အဖြစ် တွေ့ကြုံခံစား၍၊ ကိုယ်တော့်ကို အသက်ရှင်သောသူများ၊ ပုံသဏ္ဌာန်ပြောင်းလဲ၍ ကိုယ်တော်၏ကိုယ်ခန္ဓာတော် အဖြစ် တည်ဆောက်ခံသူများ၊ အဆုံးစွန်အဖြစ် ကိုယ်တော်၏ကြွလာခြင်းအတွက် သတို့သမီးအဖြစ် ပြင်ဆင်ခံသောသူများ ဖြစ်လာစေရန် ဆုတောင်းခြင်း(တ၊၁၇း၂၆–၂၇။ ဖိ၊၁း၂၁။ ရော၊၁၂း၂။ ဧ၊၄း၁၆။ ဗျာ၊၁၉း၇)။

တ၊၁၇း၂၆–၂၇ ဘုရားသခင်သည် မြေတစ်ပြင်လုံး၌နေရသော လူအမျိုးမျိုးတို့ကို တစ်ဦးတည်းမှ ဖန်ဆင်းတော်မူ၍၊ သူတို့အား ခွဲဝေစီမံသောအချိန်ကာလကိုလည်းကောင်း၊ သူတို့၏နေရာအပိုင်းအခြားကိုလည်းကောင်း မှတ်သားတော်မူ၏။ အကြောင်းမူကား လူတို့သည် ဘုရားသခင်ကို ရှာဖွေခြင်းသဖြင့် တွေ့ကောင်း တွေ့ကြလိမ့်မည်အကြောင်းတည်း။ ထိုသို့ဆိုသော်လည်း၊ ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှဝေးတော်မူသည်မဟုတ်။

ဖိ၊၁း၂၁က ငါအသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏။

ရော၊၁၂း၂ သင်တို့သည် ဤခေတ်ကာလ၏ပုံသဏ္ဌာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို ပြနိုင်မည်အကြောင်း၊ အသိဉာဏ်အသစ်ပြုပြင်ခြင်းအားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းရှိကြလော့။

ဧ၊၄း၁၆ ထိုဦးခေါင်းတော်မှ အဆစ်အပိုင်းတိုင်း၏ကြွယ်ဝသော အားဖြည့်ခြင်းနှင့် အင်္ဂါအသီးသီး ကိုယ်င်န်းကိုယ်တာအတိုင်း လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွဆက်စပ်ထုံးဖွဲ့လျက်၊ မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်ခြင်းငှာ၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေတတ်၏။

ဗျာ၊၁၉း၇ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကို ချီးမွမ်းကြကုန်အံ့။ အကြောင်းမူကား၊ သိုးသငယ်၏မင်္ဂလာဆောင်ပွဲခံချိန်ရှိပြီ။ ကိုယ်တော်၏မိန်းမသည် ကိုယ်ကိုအဆင်သင့်ဖြစ်စေပြီ။

## ၆ ရက်နေ့ ဧဝံဂေလိတရားအတွက် ဆုတောင်းခြင်း

ဧဝံဂေလိတရားမြင်းဖြူသည် ဆက်လက်ပြေးသွားရန်နှင့် ဆင်းရဲဒုက္ခကို ကြာရှည်စွာခံရသော ဘုရားသခင်သည် လူများကို နောင်တသို့ လည်းကောင်း၊ အထံတော်သို့ လှည့်ပြန်စေရန်လည်းကောင်း၊ လူအပေါင်းတို့ကို ကယ်တင်ခြင်းသို့ ရောက်စေလိုသော ကိုယ်တော့်အလိုတော်အတိုင်း ဧဝံဂေလိတရား၌ ယုံကြည်လာစေရန်လည်းကောင်း ဦးဆောင်တော်မူရန်အတွက် ဆုတောင်းခြင်း(ဗျာ၊၆း၁–၂။ ရော၊၂း၄။ တ၊၂၆း၂၀။ မာ၊၁း၁၅။ ၁တိ၊၂း၄က)။

ဗျာ၊၆း၁–၂ သိုးသငယ်သည် တံဆိပ်ခုနစ်ချက်တွင် တစ်ချက်ကိုဖွင့်သောအခါ ငါကြည့်လျှင်၊ မိုးကြိုးသံမြည်သကဲ့သို့ အသက်ရှင်သော သတ္တဝါလေးပါးတွင် တစ်ပါးကလာ၍ကြည့်လော့ဟု ဆိုသည်ကို ငါကြား၏။ ထိုအခါ ငါကြည့်လျှင်၊ မြင်းဖြူတစ်စီးရှိ၏။ မြင်းစီးသောသူသည် လေးကိုကိုင်၏။ သူ၌ သရဖူကိုပေးတော်မူ၏။ အောင်မြင်လျက်လည်းကောင်း၊ အောင်မြင်ခြင်းငှာလည်းကောင်း ထွက်သွား၏။

ရော၊၂း၄ ဘုရားသခင်၏ကြင်နာခြင်းသည် သင့်ကိုနောင်တလမ်းသို့ ဦးဆောင်သည်ကို မသိမမှတ်ဘဲ၊ ကိုယ်တော်၏ကြွယ်ဝစွာသောကြင်နာခြင်း၊ သည်းခံတော်မူခြင်းနှင့် ဆင်းရဲဒုက္ခ–ကြာရှည်ခံတော်မူခြင်းတို့ကို မထီမဲ့မြင်ပြုသလော။

တ၊၂၆း၂၀ လူတို့သည် နောင်တရရ၍၊ ဘုရားသခင့်အထံတော်သို့ ပြောင်းလဲရမည်။ နောင်တရခြင်းနှင့်ထိုက်တန်သောအကျင့်ကို ကျင့်ရမည်ဟူ၍ ဒမာသက်မြို့၌ ရှေးဦးစွာဟောပြောပြီးလျှင်၊ ယေရုရှလင်မြို့မှစ၍ ယုဒပြည်အရပ်ရပ်၌နေသော သူတို့အားလည်းကောင်း၊ တစ်ပါးအမျိုးသားတို့အားလည်းကောင်း ဟောပြောပါ၏။

မာ၊၁း၁၅ အချိန်ပြည့်စုံပြီ။ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ။ နောင်တရ၍ ဧဝံဂေလိတရားကို ယုံကြည်ကြလော့ဟူ၍ ဖြစ်၏။

၁တိ၊၂း၄ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို ပြည့်ဝစွာသိစေခြင်းငှာ၊ ဘုရားသခင်အလိုတော်ရှိ၏။

## ၇ ရက်နေ့ ညှဉ်းဆဲခြင်း၊ ဖိနှိပ်ခြင်းနှင့် ဆင်းရဲဒုက္ခခံနေရသူများအတွက် ဆုတောင်းခြင်း

ကျေးဇူးတော်အပေါင်း၏ ဘုရားသခင်သည် ကမ္ဘာမြေကြီးတစ်ဝန်းလုံးရှိ ညီအစ်ကို ညီအစ်မများအားလုံး၊ အထူးသဖြင့် ညှဉ်းပန်းနှိပ်စက်မှုခံနေရသော၊ ဖိနှိပ်ချုပ်ချယ်ခံရသော၊ ဆင်းရဲဒုက္ခများနှင့် ဘေးဒုက္ခများကို ခံစားရသောသူများအားလုံးတို့ကို နှစ်သိမ့်သက်သာခြင်းပေးရန်၊ စုံလင်စေရန်၊ တည်ကြည်မြဲမြံစေရန်အတွက် ဆုတောင်းခြင်း(၁ပေ၊၄း၁၂–၁၄။ ၅း၉–၁၀)။

| | |
|---|---|
| ၁ပေ၊၄း၁၂–၁၄ | ချစ်သူတို့၊ သင်တို့ကို စုံစမ်းစရာဖို့ ယခုခံရသော မီးစစ်ခြင်းအရာကိုကား၊ သင်တို့၌ အံ့သြဖွယ်သောအရာဖြစ်သည်ဟု ထင်မှတ်၍၊ အံ့သြခြင်းမရှိကြနှင့်။<br>သင်တို့သည် ခရစ်တော်၏ ဆင်းရဲဒုက္ခများ၌ ဆက်ဆံကြသည်ဖြစ်၍၊ ဘုန်းတော်ပေါ်ထွန်းသောအခါ အလွန်ဝမ်းမြောက် ရွှင်လန်းမည်အကြောင်း ယခုပင် ဝမ်းမြောက်ကြလော့။<br>ခရစ်တော်၏ နာမ၌ ကဲ့ရဲ့ခြင်းကို ခံရလျှင်မင်္ဂလာရှိ၏။ အကြောင်းမူကား၊ ဘုရားသခင်၏ ဘုန်းကြီးသော ဝိညာဉ်တော်သည် သင်တို့အပေါ်မှာ နားတော်မူ၏။ |
| ၁ပေ၊၅း၉–၁၀ | သို့ဖြစ်၍၊ လူ့ပြည်အရပ်ရပ်တို့၌ရှိသော သင်တို့ညီအစ်ကိုများတို့သည် ထိုသို့ သောဆင်းရဲဒုက္ခများကို ခံရကြသည်ဟု သိမှတ်လျက်၊ ယုံကြည်ခြင်း၌တည်၍ မာရ်နတ်ကိုဆီးတားကြလော့။<br>သို့သော်ခရစ်တော်ယေရှု၌ ငါတို့ကိုထာဝရဘုန်းအသရေတော်အထဲသို့ ခေါ်တော်မူသော၊ ခပ်သိမ်းသောကျေးဇူးတော်ကို ပြုတော်မူသော ဘုရားသခင်သည် ခဏဆင်းရဲဒုက္ခခံပြီးသော သင်တို့ကို ကိုယ်တော်ကိုယ်တိုင်စုံလင်တည်ကြည် ခိုင်ခံ့မြဲမြံစေတော်မူလိမ့်မည်။ |

## ၈ ရက်နေ့ ငြိမ်နေသော၊ ထိန်းကျောင်းရခက်သော၊ နောက်ပြန်ဆုတ်သွားသောသူများအတွက် ဆုတောင်းခြင်း

မလှုပ်မရှားငြိမ်နေသောယုံကြည်သူများအား နိုးကြားရှင်သန်စေရန်၊ ထိန်းရခက်သော ခရစ်ယာန်များအား ပြန်လည်ရယူရန်၊ နောက်ပြန်ဆုတ်သွားသောသန့်ရှင်းသူများအား သခင်ဘုရားထံသို့လည်းကောင်း၊ အသင်းတော်၏မိတ်သဟာယသို့လည်းကောင်း ပြန်လည်ပြုပြင်ရယူရန်အတွက် ဆုတောင်းခြင်း(ဧ၊၅း၁၄။ ယာ၊၅း၁၉။ ဂလ၊၆း၁)။

| | |
|---|---|
| ဧ၊၅း၁၄ | ထို့ကြောင့် ကိုယ်တော်က အိပ်ပျော်သောသူ၊ နိုးလော့။ သေခြင်းမှ ထမြောက်လော့။ သို့ပြုလျှင် ခရစ်တော်သည် သင့်အပေါ်တွင် ထွန်းလင်းတော်မူလိမ့်မည်ဟု ဆိုသတည်း။ |
| ယာ၊၅း၁၉ | ညီအစ်ကိုတို့၊ သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် သမ္မာတရားမှ လွဲသွား၍ တစ်စုံတစ်ယောက်သည် ထိုသူကို လှည့်ပြန်စေလျှင်မူကား၊ |
| ဂလ၊၆း၁ | ညီအစ်ကိုတို့ လူသည် သတိလစ်၍တစ်စုံတစ်ခုသောဒုစရိုက်ကိုပြုမိလျှင်၊ ဝိညာဉ်ရေးရာရှိသောသင်တို့သည် အပြစ်သွေးဆောင်ခြင်းနှင့် ကိုယ်တိုင်လွတ်မည်အကြောင်း၊ ကိုယ်ကိုသတိပြုလျက် နူးညံ့သိမ်မွေ့သောဝိညာဉ်၌၊ ထိုသို့သောသူကို ပြန်လည်တည်မြဲစေကြလော့။ |

## ၉ ရက်နေ့ ပြန့်ကြဲနေသောယုံကြည်သူများအတွက် ဆုတောင်းခြင်း

**ကွဲလွင့်ပြန့်ကြဲနေသော ယုံကြည်သူများသည် ဘုရားသခင့်ထာဝရအကြံအစည်တော်၏ ကောင်းကင်ဆိုင်ရာ ရူပါရုံကို မြင်စေရန်၊ သူတို့၏ဝိညာဉ်၌ နှိုးဆော်ခံရကာ၊ ခရစ်တော်နှင့် ဘုရားသခင့်တည်ဆောက်ခြင်း၏ အရာများကို ရှာဖွေစေရန်၊ ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းလမ်းကို ယူဆောင်စေရန်အတွက် ဆုတောင်းခြင်း(တ၊၉း၂။ တ၊၂၆း၁၉။ ဧ၊၁း၅။ ယေ၏၃၆း၂၄)။**

| | |
|---|---|
| တ၊၉း၂ | ထိုလမ်းကိုလျှောက်သော ယောက်ျား၊ မိန်းမတို့ကိုတွေ့လျှင်၊ ချည်နှောင်၍ ယေရုရှလင်မြို့သို့ ပို့ဆောင်ရမည်အကြောင်း၊ ဒမာသက်မြို့၌ရှိသော တရားဇရပ်မှူးတို့ထံသို့ မှာစာကိုပေးပါဟု  တောင်းပြီးမှ၊ |
| တ၊၂၆း၁၉ | ထို့ကြောင့် အိုရှင်ဘုရင်အဂြိပ္ပ၊ ကောင်းကင်က ဖြစ်သော ထိုရူပါရုံကို အကျွန်ုပ်သည် နားမထောင်ဘဲမနေရပါ။ |
| ဧ၊၁း၅ | ထိုအခါ ယုဒအဆွေအမျိုးနှင့် ဗင်္ယာမိန်အဆွေအမျိုးသူကြီးများ၊ ယဇ်ပုရောဟိတ်၊ လေဝိလူများနှင့်တကွ၊ ဝိညာဉ်၌ ဘုရားသခင်၏ နှိုးဆော်ခံရသောသူအပေါင်းတို့သည် ယေရုရှလင်မြို့၌ရှိတော်မူသော ယေဟောဝါ၏ အိမ်တော်ကို တည်ဆောက်ခြင်းငှာ၊ တက်သွားရန် ထကြ၏ ။ |
| ယေဇ၊၃၆း၂၄ | ငါသည် သင်တို့ကို လူမျိုးများထဲက ခေါ် ခဲ့၍၊ အတိုင်းတိုင်းအပြည်ပြည်တို့က စုဝေးစေပြီးလျှင်၊ သင်တို့နေရင်းပြည်သို့ ငါခေါ် ဆောင်မည်။ |

## ၁၀ ရက်နေ့ သဘောတစ်ညီတစ်ညွတ်တည်းရှိရန်အတွက် ဆုတောင်းခြင်း

**အသင်းတော်များအားလုံးသည် အောင်မြင်လွှမ်းမိုးသော သဘောတစ်ညီတစ်ညွတ်ဖြစ်ခြင်း၌ ရှိရန်၊ လူသစ်တစ်ဦး၏ စစ်မှန်ခြင်းကို မွေးဖွားထွက်ပေါ် စေခြင်းငှာ နှုတ်တစ်ခုတည်းဖြင့် ကျွန်ုပ်တို့၏ ဘုရားသခင်နှင့် ကိုယ်တော့်ခရစ်တော်ကို ဘုန်းထင်ရှားခြင်းရှိစေရန်အတွက် ဆုတောင်းခြင်း(ရော၊၁၅း ၆။ ကော၊၃း၁၀–၁၁)။**

| | |
|---|---|
| ရော၊၁၅း ၆ | သင်တို့သည် သဘောတညီတညွတ်တည်းရှိလျက် တစ်ခုတည်းသောနှုတ်ဖြင့် ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်တည်းဟူသော ဘုရားသခင်ကို ချီးမွမ်းခြင်းရှိမည်အကြောင်းတည်း။ |
| ကော၊၃း၁၀–၁၁ | ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဌာန်နှင့်အညီ၊ ပြည့်ဝသောအသိပညာသို့ အသစ်ပြုပြင်ခြင်းခံရသောလူသစ်ကို ယူတင်ဝတ်ဆင်သောသူဖြစ်ကြ၏ ။<br>ထိုဖန်ဆင်းပြုပြင်တော်မူရာ၌ ဂရိလူနှင့် ဂျူးလူ၊ အရေဖျားလှီးခံသူနှင့် မခံသူ၊ လူရိုင်း၊ သကုသိလူ၊ ကျွန်၊ လူလွတ် မရှိနိုင်။ သို့သော် ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏ ။ |

## ၁၁ ရက်နေ့ အသင်းတော်များအတွက် ဆုတောင်းခြင်း

**သခင်ဘုရားသည် ယေရှု၏ သက်သေခံချက်အဖြစ် ကိုယ်တော့်ပြန်လည်ရယူခြင်းရှိ နိုင်ငံတိုင်းမှ အသင်းတော်များကို ခွန်အားခိုင်ခံ့စေရန်၊ စောင့်ထိန်းထားရန်၊ တိုးပွားကြွယ်ဝစေရန်အတွက် ဆုတောင်းခြင်း(တ၊၁၆း၅။ ဧ၊၁း၁၉။ ကော၊၁း၁၁။ ဗျ၁၊၁း၉)။**

| | |
|---|---|
| တ၊၁၆း၅ | ထိုသို့ အသင်းတော်တို့သည် ယုံကြည်ခြင်း၌ တည်ကြည်မြဲမြံသည်ဖြစ်၍၊ အရေအတွက်အားဖြင့် တစ်နေ့ထက်တစ်နေ့ တိုးပွားများပြားကြ၏ ။ |
| ဧ၊၁း၁၉ | ကိုယ်တော့်ခွန်အားတန်ခိုးတော်၏ ပြုပြင်တော်မူသည့်အတိုင်း၊ ယုံကြည်သောငါတို့အဖို့ ကိုယ်တော်၏ တန်ခိုးတော်ကြီးမားသာလွန်ခြင်းမှာ အဘယ်မျှလောက်ကြီးသည်ကိုလည်းကောင်း၊ သင်တို့သည် သိစေခြင်းငှာ ဆုတောင်း၏ ။ |
| ကော၊၁း၁၁ | ဝမ်းမြောက်သောစိတ်နှင့် အရာရာ၌သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလို့ငှာ၊ ကိုယ်တော်၏ ဘုန်းကြီးသောတန်ခိုးတော်အတိုင်း၊ ခွန်အားတန်ခိုးနှင့်ပြည့်စုံစေမည့်အကြောင်းတည်း။ |
| ဗျ၁၊၁း၉ | ယေရှု၌ ဆင်းရဲခြင်းဒုက္ခကိုလည်းကောင်း၊ နိုင်ငံတော်ကိုလည်းကောင်း၊ သည်းခံတော်မူခြင်းကိုလည်းကောင်း၊ သင်တို့နှင့်အတူ ဆက်ဆံသောအဖော်အဖက် သင်တို့၏ ညီအစ်ကို ငါယောဟန်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ယေရှု၏ သက်သေခံတော်မူချက်ကြောင့်၊ ပတ်မုကျွန်းမှာ နေရ၏ ။ |

## ၁၂ ရက်နေ့ လုပ်ဖော်ဆောင်ဖက်များနှင့် ဦးဆောင်သူများအတွက် ဆုတောင်းခြင်း

**သခင်ဘုရားသည် လုပ်ဖော်ဆောင်ဖက်များနှင့် ဦးဆောင်သောညီအစ်ကိုများအား မစထောက်ပံ့ရန်နှင့် ဤနေ့ရက်များမှ ရှေ့ဆက်လာမည့် နေ့ရက်များ၌ ကိုယ်တော့်လူများကို ဦးဆောင်ခြင်းနှင့် ထိန်းကျောင်းခြင်း၌ ဉာဏ်ပညာကို ပေးသနားတော်မူရန်အတွက် ဆုတောင်းခြင်း (တ၊၂၀း၂၈။ ၁ပေ၊၅း၂။ ဟေဗြဲ၊၁၃း၁၇)။**

တ၊၂၀း၂၈ ထို့ကြောင့် သင်တို့သည် ကိုယ်ကိုသတိနှင့် ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးဖြင့်ရယူထားသော ဘုရားသခင်၏ အသင်းတော်ကို ထိန်းကျောင်းစေခြင်းငှာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို ကြည့်ရှုစောင့်ထိန်းသူများအဖြစ် ခန့်ထားတော်မူ၍၊ သိုးတစ်စုလုံးကိုလည်း သတိနှင့်ကြည့်ရှုကြလော့။

၁ပေ၊၅း၂ သင်တို့နှင့်အတူရှိသော ဘုရားသခင်၏ သိုးတော်စုကို ထိန်းခြင်းအမှုမှာ အနိုင်အထက်စေခိုင်းခြင်းခံရသောကြောင့် မဟုတ်၊ စီးပွားကိုရှာဖွေခြင်းအားဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်၏ အလိုတော်အတိုင်းအလိုလိုစိတ်အားထက်သန်စွာ ကြည့်ရှုစောင့်ထိန်းကြလော့။

ဟေဗြဲ၊၁၃း၁၇ ဦးဆောင်သောသူတို့သည် သင်တို့အကျိုးကိုမဖြစ်စေတတ်သော ညည်းတွားခြင်းမရှိ၊ ဝမ်းမြောက်ခြင်းဖြင့်လုပ်ဆောင်ခြင်းငှာ၊ သူတို့စကားကို နာခံ၍ နှိမ့်ချလျက်နေကြလော့။ သူတို့သည် ကိုယ်တိုင်စစ်ကြောခြင်းကို ခံရသောသူကဲ့သို့ သင်တို့၏ စိတ်များအကျိုးအလို့ငှာ စောင့်နေကြ၏။

## ၁၃ ရက်နေ့ သန့်ရှင်းသူများ သန့်ရှင်းစင်ကြယ်ခြင်းခံရန်အတွက် ဆုတောင်းခြင်း

**သန့်ရှင်းသူများသည် သူတို့၏ဖြစ်ခြင်းသုံးပိုင်း၌ စောင့်ထိန်းခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်း ခံရန်၊ သာမန်အရာများ၊ အပြစ်ပြည့်ဝသောအရာများမှ ဘုရားသခင်ထံသို့ ခွဲခြားခံရရန် (၁သက်၊၅း၂၂–၂၃)၊ ဤခေတ်၏ပုံသဏ္ဍာန်ကို ဆောင်ခြင်းမရှိဘဲ၊ ကိုယ်ခန္ဓာတော်အသက်တာကို အသက်ရှင်ခြင်းအားဖြင့် ဘုရားသခင်၏ အလိုတော်ကို သက်သေပြနိုင်မည့်အကြောင်း ပုံသဏ္ဍာန်ပြောင်းလဲခြင်းရှိရန်အတွက် ဆုတောင်းခြင်း(ရော၊၁၂း၂၊ ၄–၅)။**

၁သက်၊၅း၂၂–၂၃ မကောင်းသောအမှုအမျိုးမျိုးရှိသမျှကို ရှောင်ကြလော့။
ထိုအခါ ငြိမ်သက်ခြင်း၏ ဘုရားသခင်ကိုယ်တော်တိုင်လည်း၊ သင်တို့ကို အကုန်အစင်သန့်ရှင်းစေတော်မူပါစေသော ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ၊ သင်တို့၏ ဝိညာဉ်နှင့် စိတ်နှင့် ခန္ဓာသည် အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှာ ပြည့်စုံစွာစောင့်မခြင်းခံရပါစေသော။

ရော၊၁၂း၂ သင်တို့သည် ဤခေတ်ကာလ၏ ပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို ပြနိုင်မည်အကြောင်း၊ အသိဉာဏ်အသစ်ပြုပြင်ခြင်းအားဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းရှိကြလော့။

ရော၊၁၂း၄–၅ ဥပမာကား၊ ကိုယ်တစ်ခု၌ အင်္ဂါအများရှိသည်ဖြစ်၍၊ ထိုအင်္ဂါများသည် လုပ်ဆောင်မှုချင်းမတူညီသကဲ့သို့ အများဖြစ်သောငါတို့သည် ခရစ်တော်၌ ခန္ဓာတော်တစ်ကိုယ်တည်းဖြစ်၍၊ အသီးသီးအင်္ဂါချင်းများဖြစ်ကြ၏။

## ၁၄ ရက်နေ့ အရာအားလုံး–ပါဝင်သောခရစ်တော်ကို ပိုင်ဆိုင်ရရန်အတွက် ဆုတောင်းခြင်း

**သန့်ရှင်းသူများသည် သူတို့၏စိတ်နှလုံးများ၌ ခရစ်တော်သည် အိမ်ဆောက်နေထိုင်မည့်အကြောင်း သူတို့၏အတွင်းလူအထဲသို့ ဝိညာဉ်တော်မှတစ်ဆင့် တန်ခိုးနှင့်ခွန်အားမြဲမြံခိုင်ခံ့စေခြင်းအားဖြင့် သူတို့အဖို့ ခွဲဝေထားသည့် အရာအားလုံးပါဝင်သော၊ အရာအားလုံး ကြီးမားကျယ်ပြန့်သောခရစ်တော်ကို အပြည့်အဝပိုင်ဆိုင်ရန်အတွက် ဆုတောင်းခြင်း(ကော၊၁း၁၂။ ဧ၊၃း၈၊ ၁၇–၁၈)။**

ကော၊၁း၁၂ အလင်း၌နေသော သန့်ရှင်းသူတို့၏ခွဲခန့်ထားသောအမွေဝေစုကို သင်တို့အား ဆက်ဆံဝင်စားထိုက်စေသော ခမည်းတော်ကို ကျေးဇူးတင်ကြလော့။

ဧ၊၃း၈ သန့်ရှင်းသူအပေါင်းတို့တွင်အငယ်ဆုံးသောသူထက် သာ၍ငယ်သောငါ့အား ပေးတော်မူသော၊ ကျေးဇူးတော်သည် စစ်၍မကုန်နိုင်သောခရစ်တော်၏ကြွယ်ဝခြင်းများကို ဧဝံဂေလိတရားအဖြစ်၊ တစ်ပါးအမျိုးသားတို့အား ဟောပြောစေရန်နှင့်၊

ဧ၊၃း၁၇–၁၈ ယုံကြည်ခြင်းအားဖြင့် သင်တို့၏စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏ အိမ်တော်ဆောက်လုပ်မည့်အကြောင်း မေတ္တာ၌ အမြစ်စွဲခြင်းနှင့်အခြေပြုခြင်းရှိမည့်အကြောင်း၊
သန့်ရှင်းသူအပေါင်းတို့နှင့်အတူ အနံ၊ အလျား၊ အမြင့်နှင့် အနက်တို့ကို သိနားလည်ခြင်းငှာ ခွန်အားနှင့်ပြည့်ဝ၍၊

## ၁၅ ရက်နေ့ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းရှိရန်အတွက် ဆုတောင်းခြင်း

**သန့်ရှင်းသူများသည် သူတို့၏နေ့စဉ်အသက်တာ၌ ဝိညာဉ်အားဖြင့် ခရစ်တော်၌ လျှောက်လှမ်းရန်၊ အရာခပ်သိမ်း၌ ခရစ်တော်အထဲသို့ ကြီးထွားခြင်းရှိရန်၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အတူတကွယှက်နွယ်ခြင်း၊ တည်ဆောက်ခြင်းရှိရန်အတွက် ဆုတောင်းခြင်း(ကော၊၂း၆–၇။ ရော၊၈း၄။ ဧ၊၄း၁၅–၁၆)။**

ကော၊၂း၆–၇ ထို့ကြောင့်၊ သင်တို့သည် သခင်ယေရှုတည်းဟူသော ထိုခရစ်တော်ကို ခံယူပြီးသည်ဖြစ်၍၊ ထိုသခင်၌ လျှောက်လှမ်းလျက်၊ ထိုသခင်၌ အမြစ်စွဲခြင်း၊ တည်ဆောက်ခြင်းရှိလျက်၊ သွန်သင်ခြင်းကိုခံရပြီးသည့်အတိုင်း၊ ယုံကြည်ခြင်း၌ မြဲမြံစွာစွဲလမ်းလျက်၊ ကျေးဇူးတင်ခြင်း၌ တိုးပွားခြင်းရှိကြလော့။

ရော၊၈း၄ အကြောင်းမူကား၊ အသွေးအသားအတိုင်း မလျှောက်လှမ်း၊ ဝိညာဉ်အတိုင်းလျှောက်လှမ်းသော ငါတို့တွင် တရား၌ပါသော ဖြောင့်မတ်သောတောင်းဆိုမှု ပြည့်စုံမည်အကြောင်းတည်း။

ဧ၊၄း၁၅–၁၆ မေတ္တာ၌ သမ္မာတရားကို ကိုင်စွဲသဖြင့်၊ ဦးခေါင်းတော်တည်းဟူသော ခရစ်တော်အထဲသို့ အရာအားလုံး၌ ကြီးထွားမည့်အကြောင်းတည်း။
ထိုဦးခေါင်းတော်မှ အဆစ်အပိုင်းတိုင်း၏ကြွယ်ဝသော အားဖြည့်ခြင်းနှင့် အင်္ဂါအသီးသီးကိုယ်ငန်းကိုယ်တာအတိုင်း လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွဆက်စပ်ထုံးဖွဲ့လျက်၊ မိမိကိုယ်ကို မေတ္တာ၌တည်ဆောက်ခြင်းငှာ၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေတတ်၏။

## ၁၆ ရက်နေ့ ဘုရားသခင်–စီမံထားသောလမ်းအတွက် ဆုတောင်းခြင်း

သန့်ရှင်းသူများသည် လက်ရှိအခြေအနေကို အသုံးပြုကာ၊ ပို၍နိုးကြားသော၊ ပို၍အောင်မြင်လွှမ်းမိုးသော၊ ပို၍အသီးသီးသော၊ သန့်ရှင်းသူအယောက်တိုင်း၏ အသက်ဆိုင်ရာလှုပ်ရှားမှု လွတ်မြောက်ခြင်းဖြင့် ဘုရားစီမံထားသောနည်းလမ်းအတိုင်း ပို၍ရှိရန်အတွက် ဆုတောင်းခြင်း(တ၊ ၂း၄၆–၄၇။ ၁ပေ၊ ၄း၁၀။ ၁ကော၊ ၁၄း၂၆။ ဧ၊ ၄း၁၂၊ ၁၆)။

တ၊ ၂း၄၆–၄၇ ထိုသူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်းအစဉ် သဘောတညီတညွတ်တည်းနေ၍၊ တစ်အိမ်ပြီးတစ်အိမ်မုန့်ကို ဖဲ့လျက် စိတ်နှလုံးကြည်ဖြူရွှင်လန်းခြင်းဖြင့် အစာအာဟာရကို သုံးဆောင်ကြ၏ ။
ဘုရားသခင်ကိုချီးမွမ်း၍၊ လူအပေါင်းတို့နှင့်အတူ ကျေးဇူးတော်ကိုခံရကြ၏ ။ ကယ်တင်ခံရသောသူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် အတူတကွသင်းဝင်စေတော်မူ၏ ။

၁ပေ၊ ၄း၁၀ သင်တို့သည် ဆုကျေးဇူးကို အသီးသီးခံရကြသည်နှင့်အညီ၊ ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူးတော်ဘဏ္ဍာစိုးကောင်းကဲ့သို့၊ အချင်းချင်းအမှုဆောင်ကြလော့။

၁ကော၊ ၁၄း၂၆ ညီအစ်ကိုတို့၊ အဘယ်သို့နည်း။ သင်တို့အတူတကွလာရောက်စည်းဝေးကြသောအခါ၊ ဆာလံသီချင်းကိုရသောသူ၊ သွန်သင်သောစကားကိုရသောသူ၊ ဖွင့်ပြခြင်းကိုရသောသူ၊ အခြားသောဘာသာစကားကိုရသောသူ၊ အနက်ဖော်ပြရာကိုရသောသူ အသီးသီးရှိကြသည်ဖြစ်၍၊ ခပ်သိမ်းသောအမှုတို့ကို တည်ဆောက်ခြင်းအလို့ငှာ စီရင်ကြလော့။

ဧ၊ ၄း၁၂ သန့်ရှင်းသူတို့သည် အမှုတော်၏ အလုပ်ကို လုပ်ဆောင်ခြင်းငှာလည်းကောင်း၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းငှာလည်းကောင်း၊ စုံလင်ခြင်းရှိကြမည့်အကြောင်းတည်း။

ဧ၊ ၄း၁၆ ထိုဦးခေါင်းတော်မှ အဆစ်အပိုင်းတိုင်း၏ကြွယ်ဝသော အားဖြည့်ခြင်းနှင့် အင်္ဂါအသီးသီးကိုယ်ငန်းကိုယ်တာအတိုင်း လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွဆက်စပ်ထုံးဖွဲ့လျက်၊ မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်ခြင်းငှာ၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေတတ်၏ ။

## ၁၇ ရက်နေ့ သန့်ရှင်းသူများသည် အားထုတ်လုပ်ဆောင်သော ယဇ်ပုရောဟိတ်များဖြစ်ရန်အတွက် ဆုတောင်းခြင်း

သန့်ရှင်းသူအားလုံးသည် ဧဝံဂေလိတရား၏ လုပ်ဆောင်သောယဇ်ပုရောဟိတ်များအဖြစ် ခွန်အားပြည့်ဝခြင်းရှိ၍ နှုတ်ကပတ်တော်ကို အချိန်အခါသင့်သည်ဖြစ်စေ၊ အချိန်အခါမသင့်သည်ဖြစ်စေ မိမိတို့၏ဆွေမျိုးများ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် သူတို့တွေ့ဆုံသမျှလူများထံ ဟောပြောခြင်းရှိမည့်အကြောင်း၊ ထိုသူတို့ကို ရယူ၍ ဘုရားသခင်ထံသို့ သန့်ရှင်းစင်ကြယ်ခံရသည့် ပူဇော်သက္ကာအဖြစ် ပူဇော်ခြင်းရှိရန်အတွက် ဆုတောင်းခြင်း(ရော၊ ၁၅း၁၆။ ၂တိ၊ ၄း၂။ တ၊ ၁၀း၂၄)။

ရော၊ ၁၅း၁၆ အဘယ်သို့နည်းဟူမူကား၊ သန့်ရှင်းသောဝိညာဉ်တော်၌ သန့်ရှင်းစင်ကြယ်စေ၍ နှစ်သက်လက်ခံဖွယ်ရာပူဇော်သက္ကာတည်းဟူသော တစ်ပါးအမျိုးသားတို့ကို ပူဇော်ခြင်းငှာ ငါသည် ဘုရားသခင်၏ဧဝံဂေလိတရားအမှုကိုဆောင်သော ယဇ်ပုရောဟိတ်အဖြစ် တစ်ပါးအမျိုးသားတို့တွင် ခရစ်တော်ယေရှု၏ အမှုတော်ဆောင်ဖြစ်မည်အကြောင်းတည်း။

၂တိ၊ ၄း၂ နှုတ်ကပတ်တော်ကို ဟောပြောလော့။ အချိန်အခါသင့်သည်ဖြစ်စေ၊ မသင့်သည်ဖြစ်စေ၊ အသင့်ရှိလော့။ အပြစ်ကို ဖော်ပြလော့။ ဆုံးမခြင်းကို ပြုလော့။ အလွန်ရှည်သောစိတ်နှင့် သွန်သင်ခြင်းမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။

တ၊ ၁၀း၂၄ သို့ရာတွင် ဘုရားသခင်၏ကျေးဇူးတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံစေခြင်းငှာ၊ သခင်ယေရှုလက်မှ ငါခံခဲ့ပြီးသောအမှုတော်တည်းဟူသော ငါဆောင်ရွက်ရသောအမှုကို ဝမ်းမြောက်စွာပြီးစေမည်အကြောင်း၊ ထိုညဉ်းဆဲခြင်းအမှုတစ်စုံတစ်ခုကိုမျှ ငါသည် ပမာဏမပြု၊ ကိုယ်အသက်ကိုလည်း နှမြောခြင်းမရှိ။

## ၁၈ ရက်နေ့ စွဲစွဲမြဲမြဲရှိရန်အတွက် ဆုတောင်းခြင်း

သန့်ရှင်းသူများသည် ဆုတောင်းခြင်း၌ စွဲစွဲမြဲမြဲ ဆက်လက်လုပ်ဆောင်ရန်၊ သူတို့၏ဆုတောင်းခြင်းအသက်တာသည် တစ်ဦးချင်းဆိုင်ရာကိုလည်းကောင်း၊ အုပ်စုငယ်များ၌လည်းကောင်း၊ အသင်းတော်အစည်းအဝေးများ၌လည်းကောင်း ဆုတောင်းခြင်း အဆက်မပြတ်ဖြစ်လာသည့်တိုင် တည်ဆောက်ခြင်းရှိရန်အတွက် ဆုတောင်းခြင်း(တ၊ ၂း၄၂။ မ၊၆း၆။ ၁၇း၁၉–၂၀။ ကော၊၄း၂။ ၁သက်၊ ၅း၁၇)။

တ၊ ၂း၄၂ ထိုသူများသည် တမန်တော်တို့၏သွန်သင်ခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်းနှင့်ဆုတောင်းခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏ ။

မ၊၆း၆ သင်သည် ဆုတောင်းသောအခါ၊ သင်၏သီးသန့်အခန်းအထဲသို့ ဝင်၍ တံခါးကို ပိတ်ပြီးမှ မထင်ရှားသောအရပ်၌ရှိတော်မူသောသင်အဖထံ ဆုတောင်း လော့။ မထင်ရှားသောအရာကို မြင်တော်မူသောသင်၏ အဖသည် အကျိုးကို ပေးတော်မူလတံ့။

မ၊၁၇း၁၉–၂၀ တစ်ဖန် ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် မည်သည့်အရာကိုမဆို တညီတညွတ်တည်း၌ဆုတောင်းလျှင် တောင်းသမျှတို့ကို ကောင်းကင်များ၌ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတံ့။ အကြောင်းမူကား၊ အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမအထဲသို့စည်းဝေးကြ၏ ။ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်ဟု မိန့်တော်မူ၏ ။

ကော၊၄း၂ ဆုတောင်းခြင်းကို အမြဲပြု၍၊ ကျေးဇူးတင်ခြင်းနှင့်တကွ စောင့်ကြည့်ကြလော့။

၁သက်၊ ၅း၁၇ မပြတ်မလပ်ဆုတောင်းကြလော့။

## ၁၉ ရက်နေ့ အောင်မြင်သောသူများအတွက် ဆုတောင်းခြင်း

သန့်ရှင်းသူများသည် သခင်ဘုရား၏ခေါ်ခြင်းကို တုန့်ပြန်ရန်နှင့် ခေတ်ကိုပြောင်းလဲစေခြင်းငှာ သခင်ဘုရား၏ ခေတ်ကာလဆိုင်ရာတန်ဆာပလာဖြစ်မည့်အကြောင်း အောင်မြင်သူများအဖြစ် စေ့စပ်ထုံးဖွဲ့ခြင်းရှိရန်အတွက် ဆုတောင်းခြင်း(ဗျာ၊ ၂း ၇၊ ၁၁၊ ၁၇၊ ၂၆။ ၃း၅၊ ၁၂၊ ၂၁။ ၁၂း၅၊ ၁၀၊ ၁၁။ ၁၄း၁–၅)။

ဗျာ၊၃း ၂၁ ငါသည် အောင်မြင်၍ ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူထိုင်နေသကဲ့သို့၊ အောင်မြင်သော သူသည် ငါ၏ပလ္လင်ပေါ်မှာ ငါနှင့်အတူ ထိုင်နေရသောအခွင့်ကို ငါပေးမည်။

ဗျာ၊၁၂း၅ ထိုမိန်းမသည် လူမျိုးတကာတို့ကို သံလှံတံနှင့်ထိန်းကျောင်းလတံ့သော သား–ယောကျ်ားကို ဖွားမြင်၏ ။ ထိုသားကို ဘုရားသခင်ထံသို့လည်းကောင်း၊ ပလ္လင်တော်သို့လည်းကောင်း ချီယူတော်မူ၏ ။

ဗျာ၊၁၂း၁၀ ကောင်းကင်၌ ကြီးသောအသံကား၊ ယခုမှာ ကယ်တင်ခြင်းဖြစ်၏ ။ တန်ခိုးတော်လည်းဖြစ်၏ ။ ငါတို့ဘုရားသခင်၏နိုင်ငံတော်နှင့် သူ၏ခရစ်တော်အာဏာတော်စက်လည်းဖြစ်၏ ။ အကြောင်းမူကား၊ ငါတို့ညီအစ်ကိုများကို ငါတို့ဘုရားသခင်ရှေ့တော်၌ နေ့ညမပြတ် အပြစ်တင်သော အပြစ်တင်သူကို အောက်သို့ နှင်ချလေပြီ။

ဗျာ၊၁၂း၁၁ သူတို့သည် သိုးသငယ်၏အသွေးအားဖြင့်လည်းကောင်း၊ မိမိတို့သက်သေခံချက်နှင့် နှုတ်ကပတ်တော်အားဖြင့်လည်းကောင်းအောင်မြင်၍၊ အသေခံသည့်တိုင်အောင် သူတို့စိတ်အသက်ကို မချစ်ကြ။

## ၂၀ ရက်နေ့ ရန်သူကို ချည်နှောင်ရန်အတွက် ဆုတောင်းခြင်း

ရန်သူစာတန်သည် ချည်နှောင်ခြင်းခံရရန်၊ မာရ်နတ်၏အလုပ်များ ဖျက်ဆီးခံရရန်၊ ညီအစ်ကိုများကို စွပ်စွဲအပြစ်တင်သူသည် နှင်ချခံရရန်၊ သန့်ရှင်းသူများသည် သူတို့၏ပုန်ကန်သူကို တုံ့ပြန်အပြစ်ပေးရန်အတွက် ဆုတောင်းခြင်း (မာ၊၃း၂၇။ ၁ယော၊၃း၈။ ဗျာ၊၁၂း၁၀–၁၁။လု၊၁၈း၇)။

မာ၊၃း၂၇ အားကြီးသောသူကို ရှေးဦးစွာ မချည်မနှောင်လျှင်၊ သူ၏အိမ်သို့ဝင်၍ သူ၏ဥစ္စာကို အဘယ်သူမျှမလုမယူနိုင်။ အားကြီးသောသူကို ချည်နှောင်ပြီးမှ သူ၏အိမ်ကို လုယူနိုင်၏ ။

၁ယော၊၃း၈ အပြစ်ကိုပြုသောသူသည် မာရ်နတ်နှင့်ဆိုင်၏ ။ အကြောင်းမှာ မာရ်နတ်သည် ရှေးဦးစွာမှစ၍ အပြစ်ပြုခဲ့သောကြောင့်တည်း။ ဤအကြောင်းကြောင့် မာရ်နတ်၏ အမှုတို့ကို ဖျက်ဆီးခြင်းငှာ၊ ဘုရားသခင်၏ သားတော်သည် ထင်ရှားပေါ် ထွန်းတော်မူ၏ ။

ဗျာ၊၁၂း၁၀–၁၁ ကောင်းကင်၌ ကြီးသောအသံကား၊ ယခုမှာ ကယ်တင်ခြင်းဖြစ်၏ ။ တန်ခိုးတော်လည်းဖြစ်၏ ။ ငါတို့ဘုရားသခင်၏ နိုင်ငံတော်နှင့် သူ၏ခရစ်တော်အာဏာတော်စက်လည်းဖြစ်၏ ။ အကြောင်းမူကား၊ ငါတို့ညီအစ်ကိုများကို ငါတို့ဘုရားသခင်ရှေ့တော်၌ နေ့ညမပြတ် အပြစ်တင်သော အပြစ်တင်သူကို အောက်သို့ နှင်ချလေပြီ။
သူတို့သည် သိုးသငယ်၏ အသွေးအားဖြင့်လည်းကောင်း၊ မိမိတို့သက်သေခံချက်နှင့် နှုတ်ကပတ်တော်အားဖြင့်လည်းကောင်း အောင်မြင်၍၊ အသေခံသည့်တိုင်အောင် သူတို့စိတ်အသက်ကို မချစ်ကြ။

လု၊၁၈း၇ ဘုရားသခင်ရွေးချယ်တော်မူသောသူတို့သည် နေ့ညမပြတ်အော်ဟစ်၍ တောင်းလျှောက်လျှင်၊ ဘုရားသခင်သည် သူတို့ဘက်၌ တရားမစီရင်ဘဲနေတော်မူမည်လော။ ကြာမြင့်စွာသည်းခံတော်မူမည်လော။

## ၂၁ ရက်နေ့ ဘုရားသခင်၏အလယ်ဗဟိုဆိုင်ရာအလုပ်အတွက် ဆုတောင်းခြင်း

သန့်ရှင်းသူများအားလုံးသည် သူတို့၏ဖြစ်ခြင်းတစ်ခုလုံးကို သခင်ဘုရားထံသို့ တံခါးဖွင့်ပေးကာ၊ ကိုယ်တော်သည် ဘုရားသခင်၏အလယ်ဗဟိုဆိုင်ရာအလုပ်ကို လုပ်ဆောင်ရန် – ထိုအလုပ်မှာ ဘုရားသခင်သည် ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ တည်ဆောက်ပေးပြီး၊ ကျွန်ုပ်တို့ကို ကိုယ်တော်တိုင်အထဲသို့ တည်ဆောက်ပေးခြင်းဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်တည်ဆောက်ခြင်းရှိရန်အတွက် ဆုတောင်းခြင်း(ဂလ၊၄း၁၉။ ဧ၊၃း၁၄–၂၁။ မ၊၁၆း၁၈။ ဧ၊၂း၂၁–၂၂။ ၁ကော၊၁၂း၂၇)။

ဂလ၊၄း၁၉ ခရစ်တော်သည် သင်တို့အထဲ၌ ပုံသဏ္ဍာန်ပေါ် လာသည့်တိုင်အောင် သင်တို့အဖို့ တစ်ဖန်သားဖွားခြင်းဝေဒနာကို ငါခံရသော ငါ့ချစ်သားတို့။

ဧ၊၃း၁၆–၁၇ ကိုယ်တော်၏ ဝိညာဉ်တော်အားဖြင့် အတွင်းလူအထဲသို့ တန်ခိုးတော် နှင့် ခွန်အားမြဲမြံခိုင်ခံ့စေခြင်းငှာ၊ ဘုန်းတော်၏ကြွယ်ဝခြင်းများနှင့်ညီလျော်စွာ သင်တို့အား ပေးတော်မူမည့်အကြောင်း၊
ယုံကြည်ခြင်းအားဖြင့် သင်တို့၏ စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏ အိမ်တော်ဆောက်လုပ်မည့်အကြောင်း၊ မေတ္တာ၌အမြစ်စွဲခြင်းနှင့်အခြေပြုခြင်းရှိမည့်အကြောင်း၊

ဧ၊၃း၁၉ ကိုယ့်ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏မေတ္တာတော်ကို သိခြင်းငှာလည်းကောင်း၊ သင်တို့သည် ဘုရားသခင်၏ပြည့်ဝပြည့်စုံတော်မူခြင်းသို့ ရောက်ရှိသည့်တိုင်အောင်၊ ပြည့်စုံမည်အကြောင်း၊ ငါသည် ဆုတောင်းလေ့ရှိ၏ ။

မ၊၁၆း၁၈ ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏ ။ ဤကျောက်ပေါ် မှာ ငါ့အသင်းတော်ကို ငါတည်ဆောက်မည်။ ထို အသင်းတော်ကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ။

ဧ၊၂း၂၁–၂၂ ထိုသူ၌ တစ်တိုက်လုံးသည် အတူတကွစေ့စပ်၍၊ သခင်ဘုရား၌ သန့်ရှင်းသောဗိမာန်တော်အထဲသို့ ကြီးထွားလျက်ရှိ၏ ။
ထိုသူ၌ သင်တို့သည်လည်း ဝိညာဉ်၌ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာအထဲသို့ အတူတကွ တည်ဆောက်ခြင်းခံလျက် ရှိကြ၏ ။

၁ကော၊၁၂း၂၇ သင်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်ကြ၏ ။ အသီးသီးအင်္ဂါချင်းများဖြစ်ကြ၏ ။

## ၂၂ ရက်နေ့ ပေါင်းစည်းခြင်းအတွက် ဆုတောင်းခြင်း

သန့်ရှင်းသူများသည် ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာကို ပေါင်းစည်းခြင်းနှင့်စပ်လျဉ်းသည့် လက်တွေ့ကျသောအချက်များအတိုင်း အသက်ရှင်ရန်၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံး၊ နယ်ပယ်ဒေသများရှိ အသင်းတော်များအားလုံး၊ လုပ်ဖော်ဆောင်ဖက်များအားလုံးနှင့် အသက်ကြီးသူများအားလုံးတို့သည် မိတ်သဟာယဖွဲ့ခြင်းနှင့် အရာခပ်သိမ်းကို ကားတိုင်မှတစ်ဆင့် လုပ်ဆောင်ခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်ခန္ဓာတော်အတွက် ခရစ်တော်ကို အမှုဆောင်ရန် ဝိညာဉ်တော်အားဖြင့်လည်းကောင်း ပေါင်းစည်းခြင်းရှိရန်၊ ထိုသို့ဖြင့် ပန်းတိုင်အဖြစ် သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်လာရန် ဆုတောင်းခြင်း(၁ကော၊၁၂း၁၂–၁၃၊ ၂၃–၂၇)။

၁ကော၊၁၂း၁၂–၁၃ ဥပမာကား၊ ကိုယ်ခန္ဓာသည် တစ်ကိုယ်တည်းဖြစ်လျက် အင်္ဂါအများရှိသည်ဖြစ်၍၊ ကိုယ်ခန္ဓာ၏ အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်ခန္ဓာသည် တစ်ကိုယ်တည်းဖြစ်သကဲ့သို့၊ ထိုနည်းတူ ထိုခရစ်တော်ဖြစ်၏။
အကြောင်းမူကား၊ ဂျူးဖြစ်စေ၊ ဂရိဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်း၌ ခန္ဓာတော်တစ်ကိုယ်တည်းအထဲသို့ ဗတ္တိဇံကိုခံခဲ့ကြ၏။ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်းကို သောက်ကြ၏။

၁ကော၊၁၂း၂၃–၂၇ အသရေနည်းဟန်ရှိသော *အင်္ဂါတို့* အားလည်း သာ၍ကြီးသောအသရေကို ပေးတတ်၏။ တင့်တယ်ခြင်းမရှိသော *အင်္ဂါတို့* သည် သာ၍ကြီးသောတင့်တယ်ခြင်းကို ခံရကြ၏။
တင့်တယ်လျက်ရှိသော *အင်္ဂါများ*သည် အခြားသောတင့်တယ်ခြင်းကို မလိုကြ။ ဘုရားသခင်သည် ကိုယ်ခန္ဓာကို အတူတကွ ပေါင်းစည်းထား၍၊ ယုတ်လျော့သောအင်္ဂါအား သာ၍များသောအသရေကို ပေးတော်မူ၏။
ထိုသို့ဖြင့် ကိုယ်ခန္ဓာ၌ အချင်းချင်းကွဲပြားခြင်းမရှိဘဲ၊ အင်္ဂါများတို့သည် အချင်းချင်းအညီအမျှဂရုစိုက်ကြ၏။
သို့ဖြစ်၍ အင်္ဂါတစ်ခုသည် ဆင်းရဲခြင်းကိုခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် အတူခံရကြ၏။ အင်္ဂါတစ်ခုသည် ချီးမြှောက်ခြင်းကို ခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် အတူဝမ်းမြောက်ရကြ၏။
သင်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ကြ၏။ အသီးသီးအင်္ဂါချင်းများဖြစ်ကြ၏။

## ၂၃ ရက်နေ့ ဘုရားသခင်၏ဖြောင့်မတ်သောစီရင်ခြင်းအတွက် ဆုတောင်းခြင်း

သန့်ရှင်းများသည် အခြားသောကောင်းကင်တမန်တော်အဖြစ် ခရစ်တော်က နံ့သာပေါင်းကို ထပ်ပေါင်းထည့်ပေးနိုင်သည့် ဆုတောင်းခြင်းများကို ပူဇော်ရန်၊ ထိုသို့ဖြင့် ဘုရားသခင်၏ပလ္လင်တော်မှ ဖြောင့်မတ်သောတရားစီရင်ခြင်းမီးသည် ဘုရားမဲ့ခြင်းနှင့် တရားမဲ့ခြင်းကို ဆက်ဆံဖြေရှင်းရန် မြေကြီးပေါ် စေလွှတ်ခြင်းရှိရန်အတွက် ဆုတောင်းခြင်း(ဗျာ၊၈း၁–၈)။

ဗျာ၊၈း၁–၈ သတ္တမတံဆိပ်ကို ဖွင့်သောအခါ၊ ကောင်းကင်၌ နာရီဝက်မျှ တိတ်ဆိတ်စွာနေကြ၏။
ဘုရားသခင်၏ရှေ့တော်၌ရပ်နေသော ကောင်းကင်တမန်ခုနစ်ပါးကို ငါမြင်၏။ သူတို့၌ တံပိုးခုနစ်လုံးကို ပေး၏။
အခြားသောကောင်းကင်တမန်တစ်ပါးသည်လာ၍ ရွှေလင်ပန်းကို ကိုင်လျက် ယဇ်ပလ္လင်နားမှာ ရပ်နေ၏။ ပလ္လင်တော်ရှေ့၌ရှိသော ရွှေယဇ်ပလ္လင်ပေါ်မှာ သန့်ရှင်းသူအပေါင်းတို့၏ ဆုတောင်းခြင်းများနှင့်အတူ ပူဇော်ခြင်းငှာ၊ မီးရှို့သောနံ့သာပေါင်းအများကို ထိုသူ၌ပေး၏။
မီးရှို့သောနံ့သာပေါင်း၏ အခိုးအငွေ့သည် သန့်ရှင်းသူတို့၏ ဆုတောင်းခြင်းများနှင့်အတူ ကောင်းကင်တမန်၏ လက်ထဲက ဘုရားသခင်ရှေ့တော်သို့ တက်လေ၏။
ကောင်းကင်တမန်သည် လင်ပန်းကိုယူ၍၊ ယဇ်ပလ္လင်၏ မီးနှင့်ပြည့်စေပြီးမှ မြေကြီးအပေါ် သို့ ချလိုက်သည်ဖြစ်၍၊ မိုးချုန်းခြင်း၊ အသံမြည်ခြင်း၊ လျှပ်စစ်ပြက်ခြင်း၊ မြေကြီးလှုပ်ခြင်းဖြစ်ကြ၏။
တံပိုးခုနစ်လုံးရှိသော ကောင်းကင်တမန်ခုနစ်ပါးတို့သည် မှုတ်အံ့သောငှာ မိမိတို့ကို ပြင်ဆင်ကြ၏။
ပထမသူသည် တံပိုးမှုတ်သောအခါ မိုးသီးဖြစ်၏။ အသွေးနှင့်ရောနှောသောမီးလည်းဖြစ်၏။ မြေကြီးအပေါ် သို့ ချလိုက်၍၊ မြေသုံးစုတစ်စု၊ သစ်ပင်သုံးစုတစ်စု၊ စိမ်းသောမြက်ပင်ရှိသမျှတို့ကို ကျွမ်းလောင်လေ၏။
ဒုတိယကောင်းကင်တမန်သည် တံပိုးမှုတ်သောအခါ၊ မီးလောင်သောတောင်ကြီးကို ပင်လယ်ထဲသို့ ချလိုက်သကဲ့သို့ ဖြစ်၍၊ ပင်လယ်သုံးစုတစ်စုသည် အသွေးဖြစ်၏။
ပင်လယ်၌ အသက်ရှင်သောသတ္တဝါသုံးစုတစ်စုလည်း သေ၏။ သင်္ဘောသုံးစုတစ်စုလည်း ပျက်၏။

## ၂၄ ရက်နေ့ ဘုရားသခင်၏နိုင်ငံတော်ကို ရှေးဦးစွာရှာရန်အတွက် ဆုတောင်းခြင်း

သန့်ရှင်းသူများသည် မျက်မှောက်ခေတ်ကာလ၌ လူသားအသက်တာအတွက် စိုးရိမ်ပူပန်ခြင်းမရှိဘဲ၊ ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းကို ရှေ့ဦးစွာရှာဖွေ၍၊ ဘုရားသခင်တစ်ပါးတည်းကိုသာ အစေခံရန်၊ မြေကြီးပေါ်တွင် မိမိတို့အဖို့ ဘဏ္ဍာသိုမှီးထားခြင်း မရှိရန်အတွက် ဆုတောင်းခြင်း(မ၊၆း၁၉–၃၄)။

မ၊၆း၁၉–၂၁ သံချေး၊ ပိုးရွှဖျက်ဆီး၍ သူခိုးထွင်းဖောက်ခိုးယူရာမြေကြီးပေါ်မှာ ဘဏ္ဍာကို မသိုထားကြနှင့်။
သံချေး၊ ပိုးရွှမဖျက်ဆီး၍ သူခိုးမထွင်းမဖောက်မခိုးယူရာ ကောင်းကင်၌ ဘဏ္ဍာကို သိုထားကြလော့။
အကြောင်းမူကား၊ အကြင်အရပ်၌ သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏စိတ်နှလုံးရောက်တတ်၏။

မ၊၆း၂၄–၂၅ အဘယ်သူမျှ သခင်နှစ်ဦးအစေကို မခံနိုင်။ သခင်တစ်ဦးကို မုန်း၍၊ တစ်ဦးကို ချစ်မည်။ သခင်တစ်ဦးကို မှီခို၍ တစ်ဦးကို မခန့်မညားပြုမည်။ သင်တို့သည် ဘုရားသခင်၏အစေကိုလည်းကောင်း၊ မမ်မန်၏အစေကိုလည်းကောင်း မခံနိုင်ကြ။
ထို့ကြောင့် ငါဆိုသည်ကား၊ အဘယ်သို့စားသောက်ရမည်ဟု အသက်အဖို့ မစိုးရိမ်ကြနှင့်။ အဘယ်သို့ဝတ်ရမည်ဟု ကိုယ်အဖို့ မစိုးရိမ်ကြနှင့်။ အစာထက်အသက်မြတ်သည် မဟုတ်လော။ အဝတ်ထက်ကိုယ်မြတ်သည် မဟုတ်လော။

မ၊၆း၃၁ ထို့ကြောင့် အဘယ်သို့ စားသောက်ရအံ့နည်း၊ အဘယ်သို့ ဝတ်ရအံ့နည်းဟူ၍ မစိုးရိမ်ကြနှင့်။

မ၊၆း၃၃ ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းကို ရှေးဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့။
ထို့ကြောင့် မနက်ဖြန်အဖို့ မစိုးရိမ်ကြနှင့်။ မနက်ဖြန်နေ့သည် မိမိအဖို့ စိုးရိမ်လိမ့်မည်။ ယခုနေ့၌ရှိသော ဆိုးညစ်ခြင်းသည် ယခုနေ့ဖို့ လောက်ပေ၏။

## ၂၅ ရက်နေ့ ခမည်းတော်နှင့်အတူ ဝှက်ထားသောအသက်တာရှိရန်အတွက် ဆုတောင်းခြင်း

နိုင်ငံတော်သားများ၊ ကောင်းကင်ဆိုင်ရာခမည်းတော်၏ သားသမီးများအဖြစ် သန့်ရှင်းသူများသည် ဘုရားဆိုင်ရာအသက်၏ လျှို့ဝှက်နက်နဲသော၊ ဝှက်ထားသောသဘောသဘာဝနှင့်လိုက်လျောညီထွေရှိသည့် ဝိညာဉ်ရေးရာအသက်တာရှိရန်၊ ဝှက်ထားသောနည်းလမ်း၌ သူတို့၏ကောင်းကင်ဆိုင်ရာ ခမည်းတော်ထံ ဆုတောင်းခြင်းရှိရန်၊ ခမည်းတော်ကို လျှို့ဝှက်စွာမွေ့လျော်ဝမ်းမြောက်ခြင်းအချို့တွေ့ကြုံခံစားခြင်းရှိရန်၊ ကိုယ်တော်ထံမှ လျှို့ဝှက်စွာအဖြေပေးခြင်းအချို့ရရှိရန် ဆုတောင်းခြင်း(မ၊၆း၁၆။ ကော၊၃း၃)။

မ၊၆း၁–၆ သို့သော် လူများကို ငေးမောစေခြင်းငှာ ကိုယ်ဖြောင့်မတ်ခြင်းကို သူတို့ရှေ့မှောက်၌ မကျင့်မည်အကြောင်း သတိပြုကြလော့။
သို့မဟုတ် ကောင်းကင်များ၌ ရှိတော်မူသော သင်တို့အဖထံမှ ဆုလာဘ်ကို မခံမရကြ။
ထို့ကြောင့် သင်သည် အလှူဒါနကို ပေးသောအခါ လျှို့ဝှက်သောသူတို့သည် လူများအချီးအမွမ်းကို ခံလို၍ တရားဇရပ်များနှင့်လမ်းများ၌ မိမိတို့ရှေ့မှာ တံပိုးခရာမှုတ်စေသည့်နည်းတူ မပြုနှင့်။ ငါအမှန်ဆိုသည်ကား ထိုသူတို့သည် မိမိတို့ဆုလာဘ်ကို အပြည့်ရကြပြီ။
သင်သည် အလှူဒါနကို ပေးသောအခါ၊ လက်ယာလက်ပြုသည့်အမှုကို လက်ဝဲလက်မသိစေနှင့်။
သို့မှသာ သင်၏အလှူဒါနသည် မထင်မရှားရှိမည်ဖြစ်၍၊ မထင်ရှားသောအရာကို မြင်တော်မူသော သင်၏အဖသည် အကျိုးကို ပြန်ပေးတော်မူလတ္တံ့။
သင်သည် ဆုတောင်းသောအခါ၊ လျှို့ဝှက်သောသူတို့နည်းတူ မပြုနှင့်။ ထိုသူတို့သည် လူများတို့ရှေ့မှာ ထင်ရှားစေခြင်းငှာ၊ တရားဇရပ်များနှင့် လမ်းဆုံလမ်းဝတို့၌ ရပ်လျက် ဆုတောင်းခြင်းငှာ အလိုရှိကြ၏။ ငါအမှန်ဆိုသည်ကား၊ ထိုသူတို့သည် မိမိတို့ဆုလာဘ်ကို အပြည့်အဝခံရကြ၏။
သင်သည် ဆုတောင်းသောအခါ၊ သင်၏သီးသန့်အခန်းအထဲသို့ ဝင်၍ တံခါးကို ပိတ်ပြီးမှ မထင်ရှားသောအရပ်၌ရှိတော်မူသောသင်အဖထံ ဆုတောင်းလော့။ မထင်ရှားသောအရာကို မြင်တော်မူသောသင်၏အဖသည် အကျိုးကို ပေးတော်မူလတ္တံ့။

ကော၊၃း၃ အကြောင်းမူကား၊ သင်တို့သည် သေသောသူဖြစ်၍၊ သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။

## ၂၆ ရက်နေ့ ရင့်ကျက်ခြင်းရှိရန်အတွက် ဆုတောင်းခြင်း

သန့်ရှင်းသူများသည် ရင့်ကျက်လာသည့်တိုင် အသက်၌ကြီးထွားရှိရန်၊ ထိုသို့ဖြင့် ''ငါတို့သခင်နှင့် ကယ်တင်ရှင်ယေရှုခရစ်၏ ထာဝရနိုင်ငံတော်အထဲသို့ ဝင်စားခြင်းအခွင့်ကို သူတို့အား ကြွယ်ဝရက်ရောစွာပေးသနားတော်မူခြင်း''အတွက် ဆုတောင်းခြင်း(၂ပေ၊၁း၅-၁၁)။

၂ပေ၊၁း၅-၁၁ ထိုသို့အလို့ငှာ၊ သင်တို့ထပ်ဆင့်ကြိုးစားအားထုတ်၍၊ ကြွယ်ဝစွာဖြည့်စွက်ရမည်မှာ သင်တို့၏ ယုံကြည်ခြင်း၌ ကောင်းမြတ်ခြင်း၊ ကောင်းမြတ်ခြင်း၌ ပညာ၊
ပညာ၌ မိမိကိုယ်ကိုထိန်းချုပ်ခြင်း၊ မိမိကိုယ်ကိုထိန်းချုပ်ခြင်း၌ သည်းခံခြင်း၊ သည်းခံခြင်း၌ ဘုရားဝတ်မွေ့လျော်ခြင်း၊ ဘုရားဝတ်မွေ့လျော်ခြင်း၌ ညီအစ်ကိုချင်းချစ်ခြင်း၊ ညီအစ်ကိုချင်းချစ်ခြင်း၌ ချစ်ခြင်းမေတ္တာတို့ဖြစ်သတည်း။
အကြောင်းမူကား၊ ထိုအရာများသည် သင်တို့၌ရှိ၍ကြွယ်ဝလျှင်၊ ငါတို့သခင်ယေရှုခရစ်ကို ပြည့်ဝစွာသိကျွမ်းခြင်းအလို့ငှာ ပျင်းရိခြင်းမရှိရန်နှင့် အသီးမဲ့ခြင်းမရှိရန် *သင်တို့အား* စီရင်ပြုပြင်တတ်ကြ၏။
ထိုအရာများနှင့် ကင်းသောသူမူကား၊ မျက်စိကန်း၏။ ကိုယ်မျက်စိကို ကိုယ်ပိတ်၏။ မိမိ၏ အပြစ်ဟောင်းဆေးကြောကြောင်းကို မေ့လျော့ကြ၏။
ထို့ကြောင့် ညီအစ်ကိုတို့၊ သင်တို့ခံရသော ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကို တည်မြဲစေခြင်းငှာ သာ၍ကြိုးစားအားထုတ်ကြလော့။ သို့ပြုလျှင်၊ ထိမိ၍လဲခြင်း၌ အစဉ်ကင်းလွတ်သည်ဖြစ်၍၊
ငါတို့သခင်နှင့် ကယ်တင်ရှင်ယေရှုခရစ်၏ ထာဝရနိုင်ငံတော်အထဲသို့ ဝင်စားခြင်းအခွင့်ကို သင်တို့အား ကြွယ်ဝရက်ရောစွာပေးသနားတော်မူလတံ့။

## ၂၇ ရက်နေ့ မျက်မှောက်ခေတ်ကို ချစ်ခြင်းမှ ကယ်တင်ခံရရန်အတွက် ဆုတောင်းခြင်း

သန့်ရှင်းသူများအားလုံး၊ အထူးသဖြင့် ငယ်ရွယ်သူများနှင့် လူသစ်များသည် မျက်မှောက်ခေတ်ကို ချစ်နှစ်သက်ခြင်းမရှိဘဲ၊ ''ဤလိမ်လည်ကောက်ကျစ်သောမျိုးဆက်''မှ ကယ်တင်ခံရပြီး၊ ''သဘောကောက်လျက်သွေဖည်ဖောက်ပြန်သော မျိုးဆက်အလယ်၌ အဘယ်အပြစ်မျှမပါသော ဘုရားသခင်၏သားဖြစ်ကြကာ၊ သူတို့သည် လောက၌ အလင်းထွန်းလင်းသကဲ့သို့ ထိုလူမျိုးအထဲ၌ ထွန်းလင်းလျက်''ရှိရန်အတွက် ဆုတောင်းခြင်း(၂တိ၊၄း၁၀။ တ၊၂း၄၀။ ဖိ၊၂း၁၅)။

၂တိ၊၄း၁၀ အကြောင်းမူကား၊ ဒေမသည် မျက်မှောက်ခေတ်ကို ချစ်သည်နှင့် ငါ့ကို စွန့်ပစ်၍၊ သက်သာလောနိတ်မြို့သို့သွားပြီ။
တ၊၂း၄၀ ထိုမှတစ်ပါး၊ ဤဆိုးညစ်သောမျိုးဆက်မှ ကယ်တင်ခြင်းခံရကြလော့ဟူ၍၊ အထူးထူးအပြားပြားသောစကားနှင့် သက်သေခံ၍ တိုက်တွန်းသွေးဆောင်လေ၏။
ဖိ၊၂း၁၅ သို့ပြုလျှင် သင်တို့သည် အပြစ်တင်ခွင့်မရှိ၊ အပြစ်ကင်းမဲ့၍၊ မဖြောင့်မမှန် ဖောက်ပြန်သောမျိုးဆက်အလယ်၌ အဘယ်အပြစ်မျှ မပါသောဘုရားသခင်၏ သားဖြစ်ကြလိမ့်မည်။ သင်တို့သည် လောက၌ အလင်းထွန်းလင်းသကဲ့သို့ ထိုလူမျိုးအထဲ၌ ထွန်းလင်းလျက်၊

## ၂၈ ရက်နေ့ သတို့သမီးပြင်ဆင်ခြင်းအတွက် ဆုတောင်းခြင်း

သန့်ရှင်းသူများသည် စောင့်ကြည့်သတိရှိလျက် သတိပညာရှိရန်၊ "မိမိခင်ပွန်းအဖို့ အလှဆင်ခံရသည့် သတို့သမီးအဖြစ် ပြင်ဆင်ခြင်းရှိရန်"နှင့် "သိုးသငယ်၏မင်္ဂလာဆောင်ညစာစားပွဲသို့ ခေါ်သွင်းခံရရန်" လိုအပ်သည် အတွေ့အကြုံအားလုံး ရရှိရန်အတွက် ဆုတောင်းခြင်း(မ၊၂၄း၄၀-၄၇။ ဗျာ၊၂၁း၂။ ၁၉း၇-၉)။

| | |
|---|---|
| မ၊၂၄း၄၀-၄၂ | ထိုအခါလယ်၌ရှိသောယောက်ျားနှစ်ယောက်တို့တွင် တစ်ယောက်ကို သိမ်းယူ၍၊ တစ်ယောက်မူကား နေရစ်ရလတံ့။<br>ကြိတ်ဆုံကြိတ်သောမိန်းမနှစ်ယောက်တို့တွင် တစ်ယောက်ကို သိမ်းယူ၍၊ တစ်ယောက်မူကား နေရစ်ရလတံ့။<br>သင်တို့သခင်သည် အဘယ်အချိန်၌ ရောက်လာမည်ကို သင်တို့မသိသောကြောင့် စောင့်ကြည့်နေကြလော့။ |
| မ၊၂၄း၄၅-၄၇ | အရှင်သည် မိမိအိမ်သူအိမ်သားအပေါင်းတို့အား အချိန်တန်လျှင် အစားအသောက်တို့ကို ဝေမျှစေခြင်းငှာ ခန့်ထား၍၊ သစ္စာနှင့်လည်းကောင်း၊ သတိပညာနှင့်လည်းကောင်း ပြည့်စုံသောကျွန်ကား အဘယ်သူနည်း။<br>ဤသို့ပြုလျက်နေသည်ကို အရှင်သည် ပြန်လာ၍တွေ့၏၊ ထိုကျွန်သည် မင်္ဂလာရှိ၏။<br>ငါအမှန်ဆိုသည်ကား၊ အရှင်သည် မိမိဥစ္စာရှိသမျှတို့ကို ထိုကျွန်၌ အပ်လိမ့်မည်။ |
| ဗျာ၊၂၁း၂ | သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့ တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက်၊ ဘုရားသခင့်အထံတော်၊ ကောင်းကင်မှ ဆင်းသက်သည်ကို ငါမြင်၏။ |
| ဗျာ၊၁၉း၇-၉ | ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကို ချီးမွမ်းကြကုန်အံ့။ အကြောင်းမူကား၊ သိုးသငယ်၏ မင်္ဂလာဆောင်ပွဲခံချိန်ရှိပြီ။ ကိုယ်တော်၏မိန်းမသည် ကိုယ်ကိုအဆင်သင့်ဖြစ်စေပြီ။<br>သူသည် စင်ကြယ်၍ ပြောင်လက်သော ပိတ်ချောကို ဝတ်ဆင်ရသော အခွင့်ကိုရ၏။ ထိုပိတ်ချောသည် သန့်ရှင်းသူတို့၏ ဖြောင့်မတ်ခြင်းဖြစ်သတည်းဟု ပြောဆိုသည်ကို ငါကြား၏။<br>ကောင်းကင်တမန်ကလည်း၊ သိုးသငယ်၏မင်္ဂလာဆောင်ညစာစားပွဲသို့ ခေါ် ဖိတ်ခြင်းကိုခံရသော သူတို့သည် မင်္ဂလာရှိကြ၏ဟု ရေးထားလော့ဟူ၍လည်းကောင်း၊ ဤစကားသည် ဘုရားသခင်၏ နှုတ်တော်ထွက်စင်စစ်ဖြစ်၏ဟူ၍လည်းကောင်း ငါ့အား ပြောဆို၏။ |

## ၂၉ ရက်နေ့ **အသစ်သောနိုးထမှုရှိရန်အတွက် ဆုတောင်းခြင်း**

သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည် အသစ်သောနိုးကြားခြင်းရှိရန်၊ သမိုင်းကြောင်း၌ တစ်ခါမျှမဖြစ်ခဲ့ဖူးသော နိုးကြားခြင်းရှိရန်၊ ယင်းမှာ ကျွန်ုပ်တို့က ဘုရား–လူအသက်ရှင်ခြင်း၊ စကြဝဠာဆိုင်ရာထိန်းကျောင်းခြင်း၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းနှင့် လူသစ်တစ်ဦး၏စစ်မှန်ခြင်းအတွက် ပေါင်းစည်းခြင်း စသည်တို့ပါဝင်သော ဘုရားသခင့်စီမံကိန်း၏အမြင့်ဆုံးအထွတ်အထိပ်ဖွင့်ပြခြင်းများကို အောင်မြင်စွာလက်တွေ့ကျင့်သုံးခြင်း၏ ရလဒ်ဖြစ်သော နိုးကြားခြင်းရှိရန်အတွက် ဆုတောင်းခြင်း( ၁တိ၊၁း၃–၄။ ဂလ၊၂း၂၀။ ဖိ၊၁း၂၁က။ ယော၊၂၁း၁၅–၁၇။ ၁ကော၊၁၂း၂၄။ ကော၊၃း၁၀–၁၁)။

၁တိ၊၁း၃–၄ ငါသည် မာကေဒေါနိပြည်သို့ သွားသောအခါ၊ သင့်ကို တောင်းပန်သည့်အတိုင်း ဖေက်မြို့၌နေရစ်၍၊ သင်သည် အချို့သောသူတို့အား ခြားနားသောအရာများကို မသွန်သင်ကြနှင့်ဟူ၍လည်းကောင်း၊
ဒဏ္ဍာရီစကားကို နားမထောင်ကြနှင့်ဟူ၍လည်းကောင်း၊ ယုံကြည်ခြင်း၌ ဘုရားသခင်၏စီမံကိန်းကို ပြုစုသည်ထက်၊ အချင်းချင်းငြင်းခုံသော မေးခွန်းများကိုသာ ပြုစုတတ်သော၊ မဆုံးနိုင်သောဆွေစဉ်မျိုးဆက်စာရင်းများကို ပမာဏ မပြုကြနှင့်ဟူ၍လည်းကောင်း ပညတ်ထားလော့။

ဂလ၊၂း၂၀ ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ။ ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။ အသွေးအသား၌ ယခုငါရှင်သော အသက်သည် ငါ့ကိုချစ်၍၊ ငါ့အဖို့ ကိုယ့်ကိုယ်ကိုယ် ပေးအပ်တော်မူသောဘုရားသခင်၏ သားတော်ကို ယုံကြည်သောယုံကြည်ခြင်း၌ တည်၏။

ဖိ၊၁း၂၁က ငါအသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏။

ယော၊၂၁း၁၅–၁၇ နံနက်စာကို စားကြသည်နောက်၊ ယေရှုက ယောဟန်၏သားရှိမုန်၊ သင်သည် ဤသူတို့သည် ငါ့ကိုချစ်သည်ထက် သင်သည် သာ၍ချစ်သလောဟု ရှိမုန်ပေတရုအား မေးတော်မူလျှင်၊ ဟုတ်ပါ၏ သခင်။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူပါ၏ ဟုလျှောက်သော်၊ ငါ၏ သိုးသငယ်တို့ကို ကျွေးမွေးလော့ဟုမိန့်တော်မူ၏ ။
တစ်ဖန် ယေရှုက၊ ယောဟန်၏ သားရှိမုန် သင်သည် ငါ့ကိုချစ်သလောဟု ဒုတိယအကြိမ်မေးတော်မူလျှင်၊ ဟုတ်ပါ၏ သခင်။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏ ဟုလျှောက်သော်၊ ငါ၏ သိုးတို့ကိုထိန်းလော့ဟု မိန့်တော်မူ၏ ။
ယေရှုကလည်း၊ ယောဟန်၏ သားရှိမုန်၊ သင်သည် ငါ့ကိုချစ်သလောဟု တတိယအကြိမ်မေးတော်မူလျှင်၊ သင်သည် ငါ့ကိုချစ်သလောဟု သုံးကြိမ်မြောက်အောင် မေးတော်မူသောကြောင့် ပေတရုသည် စိတ်နာသဖြင့်၊ သခင်၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူ၏ ။ ကိုယ်တော်ကိုအကျွန်ုပ်ချစ်သည်ကို ကိုယ်တော် သိတော်မူ၏ ဟုလျှောက်သော်၊ ယေရှုက၊ ငါ၏ သိုးတို့ကို ကျွေးမွေးလော့။

၁ကော၊၁၂း၂၄ တင့်တယ်လျက်ရှိသော *အင်္ဂါများ*သည် အခြားသောတင့်တယ်ခြင်းကို မလိုကြ။ ဘုရားသခင်သည် ကိုယ်ခန္ဓာကိုအတူတကွပေါင်းစည်းထား၍၊ ယုတ်လျော့သောအင်္ဂါအား သာ၍များသောအသရေကို ပေးတော်မူ၏ ။

ကော၊၃း၁၀–၁၁ ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဌာန်နှင့်အညီ၊ ပြည့်ဝသောအသိပညာသို့ အသစ်ပြုပြင်ခြင်းခံရသောလူသစ်ကို ယူတင်ဝတ်ဆင်သောသူဖြစ်ကြ၏ ။
ထိုဖန်ဆင်းပြုပြင်တော်မူရာ၌ ဂရိလူနှင့် ဂျူးလူ၊ အရေဖျားလှီးခံသူနှင့် မခံသူ၊ လူရိုင်း၊ သကုသိလူ၊ ကျွန်၊ လူလွတ် မရှိနိုင်။ သို့သော် ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏ ။

## ၃၀ ရက်နေ့ သခင်ဘုရား၏ကြွလာခြင်းအတွက် ဆုတောင်းခြင်း

သခင်ယေရှုသည် လျင်မြန်စွာပြန်လည်ကြွလာခြင်းရှိရန်အတွက် ဆုတောင်းခြင်း(ဖိ၊၃း၂၀။ ၂တိ၊၄း၈။ တိတု၊၂း၁၃။ ဗျာ၊၂၂း၂၀)။

ဖိ၊၃း၂၀ ငါတို့၏နိုင်ငံသားအရာမူကား၊ ကောင်းကင်များ၌တည်လျက်ရှိ၏။ ကယ်တင်ရှင်သခင်ယေရှုခရစ်သည် ကောင်းကင်များမှ ကြွလာတော်မူမည်ဟု ငါတို့သည် စိတ်အားထက်သန်စွာ စောင့်လျက်နေကြ၏။

၂တိ၊၄း၈ ယခုမှစ၍ ဖြောင့်မတ်ခြင်းသရဖူသည် ငါ့အဖို့ သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ ဖြောင့်မတ်စွာစီရင်သောသူတည်း ဟူသော သခင်ဘုရားသည် ထိုသရဖူကို ငါ၌ အပ်ပေးတော်မူမည်။ ထိုမျှမက ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးသော သူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်။

တိတု၊၂း၁၃ မင်္ဂလာရှိသောမျှော်လင့်ရာကိုလည်းကောင်း၊ ကြီးမြတ်သော ဘုရားသခင်နှင့် ကယ်တင်ရှင်တည်းဟူသော သခင်ယေရှုခရစ်၏ ဘုန်းအသရေတော်ထင်ရှားပေါ်ထွန်းခြင်းကိုလည်းကောင်း၊ ငါတို့သည် စောင့်နေကြ၏။

ဗျာ၊၂၂း၂၀ ငါသည် အလျင်အမြန်လာမည်မှန်ပေ၏ဟု ဤအရာများကို သက်သေခံသောသူမိန့်တော်မူ၏။ အာမင်။ သခင်ယေရှု ကြွလာတော်မူပါ။